# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ဒုတိယနေ့ အစီအစဉ်

# [ ၂–၁၀–၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပြန်လည်ပေးပို့လာသော သဝဏ်လွှာကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းလှကျော်၊ လင်းခေး မဲဆန္ဒနယ်၏ **အင်းလေးဒေသတွင် လုပ်ငန်းလုပ်ဆောင်နေကြသော (NGO) အဖွဲ့အစည်းများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ သယံဇာတများအား ပြည်သူပြည်သားများသိရှိစေရန် အသိပေးထုတ်ပြန်နိုင်မှု ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဂျီဖုန်ဆားရ်၊ နောင်မွန်း မဲဆန္ဒနယ်၏ **ပန်နန်းဒင်မြို့နယ်ခွဲရှိ အမျိုးသားဥယျာဉ်တွင် ဝန်ထမ်းများ အပြည့်အဝခန့်ထားပေးရန်နှင့် ဥယျာဉ်ဧရိယာအတွင်း နေထိုင်ကြသော ပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **ပန်းလှိုင်မြစ် တိမ်ကောမှုအတွက် နောက်ဆက်တွဲ ဆိုးကျိုးများ အချိန်မီထိန်းသိမ်းကာကွယ်နိုင်ရန် ပန်းလှိုင်မြစ်ကြောင်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးတင်မောင်၊ ချမ်းမြသာစည် မဲဆန္ဒနယ်၏ **ချမ်းမြသာစည် လေယာဉ်ကွင်းကြီးအား ပြည်သူ့ရင်ပြင်အဖြစ်လည်းကောင်း၊ ပညာရေးဆိုင်ရာ တက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၊ နိုင်ငံတော်ပိုင် ခေတ်မီဆေးရုံကြီးများ တည်ရှိရာနေရာအဖြစ် လည်းကောင်း သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **ကမာရွတ်မြို့နယ်မှ မော်တော်ယာဉ် အလုပ်သမားများ၊ အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော မြေကွက် ၂ ကွက်ကို လေလံတင်ရောင်းခဲ့ကြောင်း သိရှိခဲ့ရသဖြင့် မည်သို့ အရေးယူဆောင်ရွက်ထားကြောင်း သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **ယာဉ်အို၊ ယာဉ်ဟောင်း သက်တမ်းလွန် ယာဉ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **ဘူးကိုင်း–ကျောက်ရစ်ကျေးလက် ဖွံ့ဖြိုးရေးကုန်ထုတ်လမ်းအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက် ပေးသွားမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်အတွင်းရှိ လမ်းများအား အကြီးစားကြိုတင်ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ရန်ပုံငွေများ ထည့်သွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **တိုနှိနမ်းတံတားအား သံကူ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ စာရင်းနှင့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေ စာရင်းများတွင် ထည့်သွင်းရေးဆွဲပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ **" လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်က **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ(ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၉။ **" ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ တင်သွင်းသည့် **" ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။